
ngyoe.com

# တင့်တယ်

## ဝတ္ထုတို ၅ ပုဒ်



mgyoe.com

100S018

900.00 KS

mgyoe.com

mgyoe.com

ဝတ္ထုတို ၅ ပုဒ်၊ တင့်တယ်
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၃၄ မျက်နှာ၊ ၁၂•၈ စင်တီ x ၁၈•၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းညီ၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ အောက်တိုဘာလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၉၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ဝတ္ထုတို ၅ ပုဒ်

တင့်တယ်

မြန်မာဝတ္ထုတိုရာပြည့် (၁၉၁၇-၂၀၁၇) အမှတ်တရ

ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


၁။ ဂေါ်ရပါသရှင့် ၁

၂။ တူမလေးသုံးယောက် ၁၉

၃။ မိဂျူပြောသော ဟာသပုံပြင်တစ်ပုဒ် ၄၅

၄။ တစ်ထောင် ၆၇

၅။ တိမ်တိုက်ထဲက အသံ ၈၃


❑

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com


## ဂေါ်ရပါသရှင့်

လွန်ခဲ့သော အင်္ဂါနေ့ကသာ ကျွန်မ ကိုကို့ရုံးကို လိုက်မသွားမိလျှင် အတော်လေသား.... လိုက်သွားမိသည့်အတွက်ပင်လျှင် ကျွန်မမှာ အိမ်တွင်းရောဂါ အလိုလိုစွဲကပ်ခြင်း ခံရပါတော့သည်။ အကြောင်းကတော့ ဒီလိုပါရှင့်.... ဒီလိုပါ.... ဒီလိုပါ....။

ကိုကိုလို့ ကျွန်မ ယခု တင်စားရေးသားလိုက်သော ကိုယ်တော်မြတ်မှာ တခြားဟုတ်ပါရိုးလား၊ ကျွန်တော်မ မိခင်အေး၏လင်တော်မောင် ကိုတင်မြင့်ဖြစ်ပါသည်။ လင်တော်မောင်မင်းကြီးသားမှာ ရှစ်စပ်က လယ်သူဖြစ်သောကြောင့် ဂျပန်ခေတ် ညှော်စော်နံ မဂိုလမ်းပလာတာ 'ဘီအေ' ဘွဲ့ထူးကို ဆွတ်ခူးခဲ့သူဖြစ်လေရာ–၄၆ ခု၊ ၄၇ ခုနှစ်ဆီလောက်တွင် ဟိုသွားဟိုလာနှင့် အတော်အလုပ်ရှုပ်ခဲ့ပြီးနောက် လွတ်လပ်ရေးအစိုးရ ဘွားခနဲ ရေမြှောပေါက်၍ ဖွားမြင်မြောက်လာသောအခါ၌ ဌာနတစ်ခုတွင် ဒုတိယညွှန်ကြားရေးဝန်ကလေး ပိစိကွေးအဖြစ်သို့ အဘယ်ပုံရောက်မှန်းမသိရောက်၍ နေခဲ့ပါတော့သည်။

mgyoe.com

mgyoe.com


တစ်ခေတ်လုံး ညှော်တလုံးလုံးနှင့် စာသင်တန်းတစ်တန်းတည်းတွင် တကုံးကုံး စာအတူသင်ခဲ့ရသော ကျွန်တော်မမှာလည်း ရွှေကိုယ်တော်နှင့်ချစ်ခင်ရင်းစွဲရှိပြီးသူ ပြိုပြို "မိဘများကမြှော်ကစ်စား၍ တောက်ပွားရတဲ့ သားကလေးရတနာမြင့်" ပေါ်၍ အလာတွင် သိပ်ပြီး ဇီဇာမချဲ့ဘဲနှင့် ဒုတိယညွှန်ကြားရေးဝန်ကတော်ကလေးဘဝကို လက်ဖက်ရည်ခွက်တစ်ရှောင်းဆယ်ခန့်ဖြင့် တိုးတိုးတိတ်တိတ် ခပ်ကြိတ်ကြိတ်ကလေးပင် ဘိသိက်ဘွာဘွာ ယောင်လို့လက်ခံခဲ့ပါသည်။

ကျွန်မတို့လင်မယားပေါက်စ အသစ်ကျပ်ချွတ်ကလေး နှစ်ယောက်မှာ အတော်ကြီးပျော်ခဲ့ပါသည်။ "မောင်ခေါ်ရင်မယ်ထူးမလေ... မယ်ခေါ်ရင် မောင်ထူးပါမယ်လေ...." ဟူသောသီချင်းသည် ကျွန်မနှင့်လင်တော်မောင်တို့၏အဖို့ စပါယ်ရှယ်စပ်ဆိုထားသော သီချင်းတစ်မျိုးကဲ့သို့ ဖြစ်လာလျက် ခေတ်၏ထုံးစံခလေ့အတိုင်း ကျွန်မ၏ခင်အေးဟူသော အမည်ကိုပင် ခင်အေးမြင့်ဟူ၍ ခရစ်ယာန်လိုလို ဘာလိုလို လင့်အမည်ကိုယူကာ သောက်မြင်ကပ်လှပါသည်ဆိုသော အနောက်နိုင်ငံ၏အယူကို ကာဗွန်ကော်ပီခိုးချလျက် အမြီးထပ်၍ ဆက်တပ်လိုက်ပါသေးသည်။ "သူ့ခေတ်နဲ့သူ့အခါယူလို့ အိုင်လို့ရော နိုင်မှရယ်လို့၊ မကြည်အောင်ရဲ့ တပေါင်ပေါ်ခဲ့ဖူးသေးတယ်မဟုတ်ပါလားရှင့်...."

အဲဒီလို ယူလို့ အိုင်လို့လျှောက်ပြီးရောနေရင်းက ဗိုလ်ချုပ်တို့တစ်တွေလည်း ကြေကွဲဖွယ်ရာကျဆုံး။ ကမ္ဘာအေးစေတီတော်ကြီးလည်း ထမြှောက်အောင်မြင်လို့။ ကမ္ဘာကြီးတစ်ခုလုံးဟာလည်း အေးသထက် အေးလာလိုက်တာဟာ ကမ္ဘာသူကမ္ဘာသားတွေ ရေချမ်းအိုးကြီးရင်မှာပိုက်ရသလို အင်မတန်စိတ်ချမ်းချမ်းသာသာနဲ့... ကျန်းကျန်းမာမာရှိနေကြပြီး ကမ္ဘာတော်သာနေတဲ့ အချိန်မျိုးမှာ ကျွန်မတို့အိမ်ထောင်ရေးဟာလည်း သာသထက် သာယာလာရပါတော့သည်။

mgyoe.com

mgyoe.com


ကျွန်မနှင့် ကျွန်မရဲ့လင်တော်မောင် ဒုညွှန်ကြားရေးဝန်ကလေး ပီစိကွေးတို့ဟာ အမယ်လေးလေး... ချစ်လှချည်ရဲ့လို့ဆိုတဲ့ အသံတွေ တဖြည်းဖြည်းငြိမ်ကျသွားပြီးတော့ ကြားလေသွေး တစ်ပြည်ဝေး စိတ်က ထင်တာတွေဟာ ဘာတွေဟာ ဖြီးလုံးတွေပဲလို့ သဘောပေါက်လာကြတဲ့ လင်မယားသက် ခြောက်နှစ်ကျော်လာခဲ့တဲ့အခါမှာ ကျွန်မ ကိုကို့ရုံးကို မလိုက်စဖူး လိုက်သွားမိခဲ့တာဟာ အိမ်တွင်းရောဂါစွဲကပ်စရာ လမ်းပွင့်ခဲ့ရပါ၏။ အကယ်၍သာ ကိုကို့ရုံးကို ကျွန်မ လိုက်မသွားမိခဲ့လျှင် အတော်လေသားရှင်...

ရှင်းအောင်ပြောရမယ်ဆိုရင် ကျွန်မက ကန်သင်းဆယ်ပြီး လူ့ဘဝကို ခပ်လွယ်လွယ်ပဲ နေခဲ့ပါတယ်။ သားသမီးက မရှိဘဲကိုရှင့်၊ အိမ်မှာမွေးထားတဲ့ ဖိလစ်တို့၊ အယ်လီဇဘတ်တို့ကို နွားနို့တိုက်၊ ပုစွန်ခြောက်နဲ့ထမင်းနဲ့ကျွေး။ ကလေးကလေးတွေလို ယုယ၊ နှစ်ချောင်းထိုးထိုး၊ (ဒါပေမဲ့ ခြေအိတ်ကလေးတွေဟာ သူများမီးထွက်ရင် ကင်ပွန်းတပ်ပွဲမှာ လက်ဆောင်ဖြစ်သွားရတာချည့်ပါပဲ) အဲ တစ်ခါတလေကျရင် လူစုံတကစ်စုံ ကတော်စုံ ပျော်ပွဲစားထွက်တဲ့ညီလာခံတွေကို မလိုက်ရင်မကောင်းတတ်လို့ ငါးသေတ္တာဘူး ဖွင့်ရအောင်၊ ကြက်သွန်လှီးရ အောင်လိုက်ရပါသည်။ အဲဒါတွေကလွဲရင် ကိုကို့အဖို့မှာ ရုံး၊ ကျွန်မ အဖို့မှာ အိမ်၊ ဒါနှင့်ပင်ပျော်ပျော်ကြီး အချိန်ကုန်ခဲ့ရပါသည်။ ကိုကြီးတို့၊ မမတို့၊ ပေးလို့ကမ်းလို့ စားရသောက်ရတဲ့ဘဝနဲ့ ကျေနပ်ပြီး နေခဲ့ပါသည်။ ကြာတော့လည်း တော်တော်ကလေး ဒီဘဝမျိုးကို ငြီးငွေ့လာရပါ၏။ ငြီးငွေ့သည်အတွက်ပင် တစ်နေ့၌ ကိုကို့ရုံးသွားပြီးလျှင် ကားလွှတ်လိုက်ဖို့မှာရပါသည်။ အိမ်သို့ကားပြန်လာသောအခါ ဗိုလ်ချုပ်ဈေးသို့ လုံချည်တစ်ထည် ဝယ်ရန်လာခဲ့ပါသည်။ ကျွန်မတို့ မင်းကတော် စိုးကတော်ဆိုတာ အတွာဘောဖုံးလွှမ်းရေးက တယ်ပြီး

mgyoe.com

အရေးကြီးတာကလားရှင်... ကိုယ်ခန္ဓာ အကောင်ပုပ်ဆိုတာကို ကျွန်မ တရားထိုင်တာ ကြာပြီဖြစ်တဲ့အတွက် တရားပေါက်ခါနီးနေလို့ သိပြီး ဖြစ်ပါသည်။ တရားသဘောတွေပေါက်လွန်းလို့ အုပ်သောဂါပီတိတွေ ဘာတွေကို အများကြီးခံစားခဲ့ဖူးပြီပေါ့ရှင်... ဒါကြောင့် ကတော်စုံ ညီလာခံပျော်ပွဲ စားဖို့ တောရတစ်ခုမှာ ရက်ချိန်းရှိတဲ့အတွက် ဗိုလ်ချုပ်ဈေးသို့ လုံချည်တစ်ထည်ဝယ်ရန် ကိုကို့ကားနှင့်ရောက်ခဲ့ပါသည်။

ဆိုင်ရှင်များကလည်း အတော်ပင်ဖော်ရွေကြပါသည်။ ကိုကို့အား ဆိုင်ရှင်ကုလားကြီးက တစ်အူထုံ့ဆင်း ညီအစ်ကိုအရင်းမက ခင်မင်ပါသည်။ "ဝန်မင်းပါရဲ့လား"ဆိုတာကို အထပ်ထပ်မေးပါသည်။ ကျွန်မအား လက်ဖက်ရည်တွေဘာတွေမှာပြီး တိုက်ပါသေးသည်။ (ဒု) ညွှန်ကြားရေးဝန်ကတော်လေးမို့ပေါ့ရှင့်... (ပ) ညွှန်ကြားရေးဝန် ကတော်ကြီးသာဆိုရင် ကိတ်မုန့်ရော ဘာရောစားရမှာသေချာပါသည်။ နိုင်ငံခြားသားတွေဟာ ကျွန်မတို့လွတ်လပ်သော မြန်မာများကို ယခင်ကထက် လေးစားရမှန်းသိ၍လာသည်မှာ လိုင်စင်ခေတ် ကောင်းကတည်းကဖြစ်ပါသည်။ ထို့ကြောင့် "ကမ္ဘာမှာဗမာဟော့" လို့ နိုင်လွန်လက်ပြတ်ဝတ်ထားသဖြင့် အကွင်းသားအဝင်းသားပေါ်နေတဲ့ လက်ရုံးပျော့ဖတ်ဖတ် ဝတုတ်တုတ်ကိုဆန့်တန်းပြီး ခပ်ကြမ်းကြမ်းကလေးပဲ ကြွေးကြော်လိုက်ချင်ပါတော့တယ်ရှင့် ...။ အဲ... အဲ... လုံချည်ဝယ်ပြီးတော့ကာ ရုံးဆင်းချိန်လည်း နီးနေတာနဲ့ ကျွန်မကိုအိမ်အရောက် ကားနဲ့တစ်ခေါက် အပိုပြန်အပို့မခိုင်းတော့ဘဲ ကိုကို့ရုံးသို့လိုက်သွားပါ၏။ ဤအကြိမ်သည် ပထမဦးဆုံးအကြိမ် သူ့ရုံးခန်းသို့လိုက်သွားခြင်း ဖြစ်ပါသည်။

ပထမတော့ ကျွန်မကားပေါ်က စောင့်နေပါသည်။ ခဏကြာတော့ ပျင်းလာပါ၏။ ထို့ကြောင့် တစ်ခါမျှမရောက်ဖူးသေးသော ရွှေ

mgyoe.com

mgyoe.com

ကိုယ်တော်၏ရုံးခန်းကို ရောက်ဖူးအောင် မြင်ဖူးအောင် တွေ့ဖူးအောင် ကားဒရိုင်ဘာကိုလမ်းပြခိုင်းပြီး ကိုယ်တော့်အခန်းကို လိုက်သွားမိပါ၏။

ကျွန်မရဲ့ကိုကို လင်တော်မောင် ကိုတင်မြင့်၏ အခန်းမှာ အဝေးက မြင်နေရသည်ပင် အတော်စမတ်ကျပါ၏။ ဆင်နားရွက်တံခါးနှင့် ... တံခါးပြင်ဘက်တွင် ခွေးခြေနှင့်၊ ခွေးခြေပေါ်တွင် ကောင်ကလေး တစ်ယောက်(မင်းဒလင်ဆိုလား မယ်ဒလင်ဆိုလား)နှင့်... ပြီးတော့... ဖိုင်တွဲတွေကိုင်ကာ ဝင်လိုက်ထွက်လိုက်နေကြသော စာရေး စာချီများ နှင့် ပြီးတော့လည်း တိန်တိန်နဲ့မြည်တဲ့ ခေါင်းလောင်းသံနှင့် စမတ်ကို ဂွမ်နေပါတော့သည်ရှင့်၊ အဟဲဟဲ... ပျော်စရာ ဂုဏ်ယူစရာကောင်း လိုက်ပါဘိ၏ရှင့်။

ကိုကို့အခန်းဆီကို ကျွန်မလျှောက်လာခဲ့တော့ စာရေးစာချီများနှင့် တူသော စားပွဲကိုယ်စီ ကုလားထိုင်ကိုယ်စီနှင့် လူများက တိတ်တိတ် ခိုးကြည့်ကြပါသည်။ ကျွန်မမှာ အသက် ၂၄ နှစ်သာရှိသေးပြီး သား သမီးမမွေးလေတော့ အဟီး... အဲလေကြည့်ကြတာပေါ့ရှင်... ပိုးတွန့် လုံချည်များဟာ တယ်ပြီးအသုံးဝင်သနော်.... စကတ်ချုပ်ရိုးကလေး တွေဖူးဖူးကြွကြွနေစေချင်ရင် ပိုးတွန့်လုံချည်ဝတ်ကြပါရှင့် ဗိုလ်ချုပ်ဈေး က ဘိုင်ကြီးက ကြော်ငြာခိုင်းလို့ ကြော်ငြာပေးရပါသည်ရှင့်။

မျက်လုံးနီကြောင်ကြောင်တွေ ပင်လယ်ဝေနေတဲ့အကြားက ခါးကလေးတနွဲ့နွဲ့ ကျွန်မလျှောက်လာတော့ တချို့က မသိမသာပြုံးကြ တယ်လေ၊ ခွာမြင့်ဖိနပ်ဘယ်နှရန်များ ကျွန်မလျှောက်တဲ့လမ်းအတိုင်း ကိုကို့ရုံးခန်းကိုလျှောက်ပြီး ဆင်နားရွက်တံခါးက ဝင်သွားခဲ့ဖူးလေ သလဲ၊ ဒါကြောင့်များ ခင်းတို့တစ်တွေ ပြုံးကြတာဖြစ်မှာပဲ... လို့ ရင်ထဲ မှာ ထွေးခနဲ ပူလောလောအတွေးတစ်ခု ပေါ်လာပါ၏။ မင်းဒလင်

mgyoe.com

mgyoe.com

ကလေးက ဆင်နားရွက်တံခါးကို တွန်းပြီးဖွင့်ပေးပါ၏။ တံခါးကိုဖွင့်လည်း ဖွင့်လိုက်ကရော ...

"အမတ်မင်းခင်ဗျာ နိုးနိုး နေဦး... အဲ... အမတ်မင်း ဦးဖိုးကြာ ခင်ဗျား... ပေးပို့လိုက်သော မေတ္တာရပ်ခံစာအရ... ကျွန်တော်များလည်း အဲ–အဲ လည်းကိုဖျက် ကျွန်တော်များဌာနမှ တွံတေးသို့ အမတ်မင်းတို့ စဥ့်အိုးလုပ်ငန်း လေ့လာရန်နှင့် မြေသားပထဝီ သုတေသန အဏုမြူ လုပ်ငန်း ဟိုက်ဒရိုဂျင်ဗုံးလုပ်ငန်းများ စူးစမ်းရန်သွားဖို့ တောင်းဆိုသော မော်တော်ယာဉ်ကို စီစဉ်ပေးလိုလှပါသည်။ သို့သော် အဲ... သို့သော် ဘာတဲ့ပြန်ဖတ်စမ်း အင်း... အင်း... သို့သော် ယခုအခါ၌ မော်တော် ယာဉ်ပြင်သောဌာနတွင် တင်၍ထားရသောယာဉ်စင်းရေမှာ အပွတ်... အပွတ် ပော... ပော... လာ... လာ... ခင် ဘယ်နှယ့်မလာစဖူး...." ဟူသောအသံများကို ကြားရပါ၏။

လက်စသတ်တော့ ကျွန်မလင်တော်မောင် ကိုကိုတင်မြင့်မှာ လက်ရေးတို စာရေးမတစ်ဦးအား စာတစ်စောင်ကို ပါးစပ်မှ ရွတ်ပေးနေပါသည်။ ကျွန်မကို မြင်လိုက်သောအခါ၌ အူယားဖားယားထိုင်ရာမှ ထ၍ပြေးလာပါသည်။ ချစ်ထာ ချစ်ထာ...

ဒါပေမဲ့ ကျွန်မ၏စိတ်ထဲတွင် ထင့်ခနဲဖြစ်သွားပါ၏။ အဘယ် ကြောင့်ဆိုသော်... သူ ပါးစပ်ကပြောသမျှကို ပဲတီပင်ပေါက်များဖြင့် လိုက်၍မှတ်နေသော ကောင်မလေးမှာ အသက် ၁၈ နှစ်အရွယ်လောက် ရှိပါပြီ။ ၁၈ နှစ်ရုံမျှဖြင့်ဆိုလျှင် ကိစ္စမရှိပါ။ နှုတ်ခမ်းကလေးကွဲပြီး အသားကလေးမည်းမည်းနှင့် ကျောက်ပေါက်မကလေးသက်သက် ရှိကာ ပိန်ကပ်ကပ်ကလေးဆိုလျှင် တော်ပါသေးသည်။ ခုတော့ လှသည်... လှသည်... ဩော်... လှပဲလှနိုင်ရက်တော့သည်လို့ ဆိုသော သီချင်းထဲကလို ကောင်မလေးကသိပ်လှပါ၏။ မျက်တောင်ကော့ကြီး

mgyoe.com

တွေက တစ်လက်မရှိပါသည်။ ကြည့်လိုက်လျှင် ငေးလောက်ပါ၏။ ထိလိုက်လျှင် နွေးလောက်ပါ၏။ ဝဝကစ်ကစ်..ကြောင်ဝဝ ခွေးဝဝ ကလေးဝဝ ကလေးလို ဖျစ်ချင်ညှစ်ချင်စရာကောင်းသော ကလေးမဖြစ်ပါသည်။ သူ့ကိုမြင်သောအခါ၌ ကျွန်မမှာ ခပ်ငယ်ငယ်က ဥသျှစ်သီးခိုးဖူးသည်ကို ပြန်၍သတိရမိပါ၏။ မိုးကလေးအေးအေးမို့ ကလေးမ ဆွယ်တာအကျီဝတ်ထားရာ... သိုးမွေး၏ တွန့်ရှုန်းတတ်သောသတ္တိကြောင့် ကလေးမအားကြည့်ရင်း ဥသျှစ်ဖျော်ရည်သောက်ချင်သလိုလို များပင်ဖြစ်လာရပါ၏။ ဂျိန်းရပ်ဆယ်ဒတ်ဂမာတို့နှင့် ထိုသူငယ်မ အမျိုးတော်သည်ဆိုလျှင် ကျွန်မတစ်ခွန်းတည်းနှင့် ယုံပါသည်။

"ဒီစာကိုမနက်ဖြန်ပို့ရမယ်... ကျန်တာကိုကြည့်ပြီး ဖြည့်လိုက်..."

ကျွန်မလင်တော်မောင်၏ အမိန့်ပေးသံပါ...

"ဟုတ်ကဲ့ပါရှင့်...နက်ဖြန် ရုံးတက်ချိန်မှာလက်မှတ်ထိုးဖို့ အဆင်သင့်ရှိနေပါစေ့မယ်နော်..."

ဥသျှစ်သီးသူခိုးမကလေး၏အသံ။

ကျွန်မလင်တော်မောင်၏အသံမှာ ခပ်တည်တည် ဖြစ်ပါသည်။ ကောင်မလေး၏အသံမှာကား နှာစေးနေသော မိန်းမရှာတစ်ယောက် ရာဝင်အိုးထဲတွင် ခေါင်းစိုက်၍ ခပ်ချွဲချွဲပြောသောအသံမျိုး ဖြစ်ပါသည်။ သူ့အသံမှာ လုံတုံတုံနေပါသည်။ သို့သော်လည်း စည်ပင်လှသည့် ပြင် ပျားရည်လို ပျစ်ချွဲချွဲလည်းရှိပါသည်။ သူ့အသံကိုသာ လက်နှင့် ကိုင်ကြည့်နိုင်ပါလျှင် စေးကပ်စေးကပ်နှင့် နေမည်ထင်ပါ၏ရှင့်။ ကျွန်မ လင်ကိုယ်တော်ချောသည် "ပါ" နှင့် "နော်" စကားနှစ်လုံးကို ကြားရပြီးသည့်နောက် ပြုံးဖြဲဖြဲအလိုလို ဖြစ်လေပြီး ... "ကျေးဇူးပဲ" ဟုပါးစပ်က အိပ်မက်မက်ရင်း ယောင်ယမ်းနေသလိုဆိုနေပါသည်...။ ဗုန်း... ဟု ကျွန်မနားထဲတွင်ကြားလိုက်ပါသည်။ ကိုယ်တော်မြတ်

mgyoe.com

သည် ဗုန်းဗုန်းကျသွားပြီ ထင်လိုက်ပါ၏။ အဘယ်ကြောင့်ဆိုသော် သူငယ်မသည် မယ်ရီလင်မန်နရိုကဲ့သို့ တုန်တုန်... တုန်တုန်နှင့် တစ်ကိုယ်လုံးတုန် သင့်သောနေရာများ သွက်သွက်ခါအောင်တုန်ကာ အခန်းထဲမှ ထွက်သွားပါ၏။ ကျွန်မလည်း ကလေးမ၏ ဆွယ်တာအကျႌအောက်နားကလေးကျောဘက်က ရွဲ့ကာရွဲ့ကာသွားသည်ကို ကြည့်ငေးရင်း ကျန်ရစ်ခဲ့ရပါသည်။

"အဆင်သင့်ပဲခင်ရယ်... ကိုကိုလည်း ရုံးဆင်းတော့မှာနဲ့အတော်ပဲ..."

အင်း...ကြုံရပြီလေ ကျွန်မတို့ အိမ်ထောင်ရေးလောကတွင် အမတ်များ တွံတေးသို့သွား၍လေ့လာကြမည့် ဟိုက်ဒရိုဂျင်ဗုံး၊ ကိုဘော့ဗုံးကဲ့သို့သော ဗုံးတစ်လုံးသည် ယခုတလောပဲခူးရထားလမ်းတွင် ခဏခဏတွေ့ရသည်ဟု ကြားနေရသော ဆွဲဗုံး(နင်းဗုံးမဟုတ်)၏ နည်းတူ ပေါက်ကွဲရန် စနက်တံကို မီးလောင်၍ နေစပြုပါကော ...။

ဟို...တုန်တုန်... တုန်တုန်... လက်ရေးတိုသူငယ်မ၏ စေးကပ်စေးကပ်အသံနှင့် ဥသျှစ်သီးကြော်ငြာကို မကြုံရခင် ကျွန်မမိခင်အေးမြင့်သည် အိမ်ထောင်ရှင်ပြီသသော ဇနီးကောင်းကလေးတစ်ယောက်ဖြစ်ခဲ့ပါ၏ရှင့်၊ မိုးလင်းလျှင် ကိုကိုမျက်နှာသစ်ဖို့၊ ခဏကြာလျှင် ကိုကိုကော်ဖီသောက်ဖို့၊ ခဏကြာလျှင် ကိုကိုရေချိုးဖို့၊ တော်တော်ကြာလျှင် ကိုကို ထမင်းစားဖို့ အဲ...ခဏကြာလျှင် ကိုကိုရုံးသွားဖို့...။

ကိုကို ရုံးသွားပြန်တော့လည်း အိမ်ကိုလှအောင်ပြင်၊ နေ့လယ်ကော်ဖီသောက် အလှမွေး တစ်ရေးအိပ် ညနေရေချိုး လူကိုအလှပြင် ထမင်းချက်ဖို့စီမံ ကိုကို့ကိုမျှော် ကိုကိုပြန်လာ။

အဲ–ကိုကိုပြန်လာပြီဆိုလျှင် ကိုကို့ဖိနပ်ချွတ်ပေးပြီးတော့ လဲစရာဖယ်စရာအဝတ်တွေပေး၊ ခဏကြာလျှင် ကိုကိုရေအရင်ချိုးမလား

mgyoe.com

mgyoe.com

ထမင်းအရင်စားမလားမေး၊ ခဏကြာလျှင် ကိုကို့ကိုထမင်းကျွေး၊ ပြီးလျှင် ကိုကို့ကိုဆေးလိပ်ညှိပေး၊ ရေဒီယို အသံဖမ်းပေး၊ ခဏကြာလျှင် အိပ်ရာခင်း၊ ည ၁၀ နာရီထိုးလျှင် ကိုကို့ကို အိုဗာတင်းတစ်ခွက်တိုက်၊ ခဏကြာလျှင် ခြင်တွေကိုမျက်နှာသုတ်ပဝါနှင့်ရမ်း၍ မောင်းထုတ်ကာ ခြင်ထောင်ကိုချ၊ ခဏကြာလျှင်ကိုကို့ကို အိပ်ရာဝင်ခိုင်း၊ ခဏကြာလျှင် ကျွန်မကိုယ်တိုင်ပါအိပ်ရာဝင်၊ ခဏကြာလျှင်... အဲ...အဲ မေ့နေ့လို့ အိပ်ရာကထပြီး ဘုရားရှိခိုး... ဟမယ်လေးဟယ် ဤနည်းနှင်နှင်ဖြင့် အိမ်ကြီးကျွန်လုပ်ရင်း အချိန်ကုန်ရပါ၏။ တစ်ခါတစ်ခါ၌ ကိုကို ဝန်ကြီးအိမ်ကို ဖိုင်တွဲသွားပို့ပြီး ရုံးသို့မပြန်ဘဲ အိမ်သို့တိုက်ရိုက် ပြန်လာတတ်ရာ ကျွန်မမှာ ရေမချိုးရသေးဘဲ အိုးမည်းတွေဘာတွေ ဦးခေါင်းဆံပင်ဗရပွနှင့် မိ၍နေတတ်ပါသည်။

ဥသျှစ်သီးကြော်ငြာသူငယ်မနှင့် ဆုံရပြီးသည့်နောက်တွင်ကား ကျွန်မသည် တစ်ညလုံးမအိပ်ဘဲ အကြံထုတ်ရပါတော့၏။ ကျွန်မသည် အရင်ကလို ကိုကို့အချစ်ကိုအားကိုးပြီး တော်သလိုရော်သလို ကစုတ်ကဖတ်နေ၍ မဖြစ်နိုင်တော့ကပြီ၊ ကိုကို့ကို ငွေဝယ် ကျွန်မကလေးတစ်ကောင် ပြုစုနေသလိုပြုစုနေကာမျှနှင့်လည်း မဖြစ်တော့၊ ကျွန်မ၏လင်တော်မောင် ကိုယ်တော်ချော၏ အသည်းနှလုံးကို ဆွဲကျုံးမည့် ဥသျှစ်သီးသည် ကောင်မကလေးတည်းဟူသော ရန်သူတော် ပေါ်၍လာပေပြီ။ ထိုရန်သူကို ဖြိုဖျက်ရပေအံ့၊ လင်တော်မောင်ကိုကား အဆုံးမခံနိုင်ပြီ ...။

ကျွန်မ အိပ်မပျော်သဖြင့် အမျိုးသမီးမဂ္ဂဇင်းတစ်စောင်ကို ဆွဲ၍ ဖတ်မိသည်။ အချစ်ပြဿနာ အမေးအဖြေအခန်း၌ အောက်ပါအတိုင်း တွေ့ရ၏။

မေး၊ ကြီးကြီးဖေရှင့်... ကျွန်မလင်ဟာ ကျွန်မထက်ချောပြီး

mgyoe.com

mgyoe.com


အသက်ငယ်တဲ့ ကောင်မလေးကိုပိုးနေပါသည်။ ကျွန်မဘာယှဉ်နှယ့်လုပ်ရပါ့မလဲ...။

(ခင်ပိန်ညို–တော်လတဲ့)

**ကြီးကြီးဖေ**၊ တူမကြီး ခင်ပိန်ညို...တူမ၏ခင်ပွန်းကို မဆူမပူနှင့်၊ ထမင်းစားခါနီး ဟင်းချိုပူအောင်နွှေးပေးပါ။ ဟင်းချိုအိုး နွှေးထားတုန်းမှာ ပေါင်ဒါထပ်ရိုက်ပါ။ နိုင်လွန် အပါးဆုံးကိုဝတ်ပြီးတော့ ဟိုဇာဘော်လီမျိုးကို သိတယ် မဟုတ်လား။ အဲဒါမျိုးကိုဝတ်ပြီးတော့ စကတ်ထူထူချုပ်ပြီး ကတ္တီပါလုံချည်ကို အပေါ်ကထပ်ပြီးဝတ်၊ ကိုယ့်အသိုက်ကို ဖျက်မယ့်ငှက်ကို သူ့နည်းနဲ့ တုံ့ပြန်တိုက်ခိုက်ရမယ် မယုံမရှိနဲ့...ကိုယ်တွေ့...။

(ကြီးကြီးဖေ)

ထိုစာပုဒ်ကိုဖတ်ပြီး ကျွန်မလည်း ဥသျှစ်သီးသူငယ်မကို ဥသျှစ်သီးသေနင်္ဂဗျူဟာနှင့် တုံ့ပြန်ထိုးစစ်ဆင်ရန် ဆုံးဖြတ်လိုက်ရပါတော့သည်။ အဘယ်ကြောင့်ဆိုသော်... ထိုမဂ္ဂဇင်းပါကြီးကြီးဖေမှာ... အိမ်ထောင်ရေး ပါရဂူကြီးဖြစ်သည်။ သူ့အကြံဉာဏ်တွေကိုရသောကြောင့် သတင်းစာအများပြင်စီးပွားရေးကို တစ်ဖက်ကထိခိုက်သွားသည်။ "လင်မယားကွာရှင်းခြင်း"ခေါင်းစဉ်နှင့်ကြော်ငြာများ အလွန်ရှားသွား၏။ သို့သော် ကြီးကြီးဖေ၏လက်သံပြောင်သောကြောင့် ကောင်မလေးနှင့်ကောင်လေးတွေညားပြီးတော့ လက်ထပ်ပြီးစီးခြင်းကြော်ငြာတွေပေါလာသဖြင့် သတင်းစာများ၏ စီးပွား တစ်ဖက်ကပြန်တက်လာ၏။ ညားပြီးတော့မှဖြင့် ငတ်ချင်လည်းငတ်ပေါ့...။ ဒါတော့ ကံ–ကံ၏ အကျိုးရယ်လို့ ဘုရားကိုယ်တော်မြတ်က ဟောခဲ့လေတော့... အို... ဒါယိကာမ ကလေးတို့ရဲ့ ... ဥစ္စာကံပေးမရသေး နှောင့်နှေးဗျာပါမရှိရာလို့ဆိုသမှုတ်လား ဒီတော့ကြီးကြီးဖေလည်းမတတ်နိုင်ဘူးကွဲ့၊ တူမ

mgyoe.com

mgyoe.com


ကြီးရဲ့။ ဟဲဟဲ... စသည်အားဖြင့်လည်း ထိုမဂ္ဂဇင်း၌ဖတ်ရပါသည်။

သို့ကလိုကြောင့် ကျွန်မ မိခင်အေးမှာ ဒုတိယညွှန်ကြားရေးဝန် ကလေးပိစိကွေးဖြစ်တော်မူထသော လင်တော်မောင်ကိုတင်မြင့်အတွက် ကြီးကြီးဖေ၏အကြံပေးချက်ကို လက်နက်ကောင်းတစ်ခုသဖွယ် ကိုင် တွယ်ကျင့်သုံးရန် စိတ်ပိုင်းဖြတ်လိုက်ပါ၏။ မျက်စိ မျက်စိချင်း၊ သွား တစ်ချောင်းသွားတစ်ချောင်းချင်း၊ ဥသျှစ်သီး ဥသျှစ်သီးချင်း ပြိုင်ရပါ တော့မည်။ ဒါမှကိုတင်မြင့်၏အသည်းနှလုံးတွေဟာ ကျွန်မ မယား သည် မိခင် အေး၏လက်ခုပ်ထဲ နေမည်မဟုတ်ပါလားရှင့်... ။

နောက်တစ်နေ့ ရုံးဆင်းချိန် နီးလာသောအခါ ကျွန်မသည် ဟင်းချိုအိုးကို မီးဖိုခွင်ပေါ်သို့ ကိုယ်တိုင်တင်ပါသည်။ ကြီးကြီးဖေ၏ ဝါဒအတိုင်းပေပဲ့ရှင်...ကူဖော်ကလေးမကို စိတ်မချပါ။ ထို့နောက် ဟင်းချိုနွှေးထားတုန်းမှာ သနပ်ခါးထပ်လူးပြီးပေါင်ဒါရိုက်ပါ၏။ ဟို ဇာတော် လီမျိုးနဲ့စကတ်ကိုတော့ ကျွန်မ မလိုပါ...ငါးရံ့ကိုယ်ဖြစ်သော် လည်း ကျွန်မသည်လည်း ခေသောသူမဟုတ်ပါ အင်း.... ဘယ်လိုရေး ရပါ့... ဩော်.... ဩော် ငယ်စဉ်ကဥသျှစ်သီးခိုး၍ စားဖူးသည်ကို ပြန်လည်၍ သတိရလိုပါလျှင် ကျွန်မကိုကြည့်ပါ အဝေးကပင် မြင်နိုင် ပါသည်။

မကြာမီ ကိုကိုရုံးကပြန်လာပါ၏။ ကားလာသံနှင့်ကားရပ်သံများ ကိုကြားရသည့်ခဏ၌ ကျွန်မမျက်နှာမှာ သနပ်ခါးကောင်းကောင်း မခြောက်တတ်သေးပါ။ ပေါင်ဒါရိုက်လောက်အောင် မထပ်သေးပါ။ ထို့ကြောင့် မျက်နှာကိုယပ်ခတ်ရင်း နှုတ်ခမ်း၌ပေနေသော သနပ်ခါးများ ကို လျှာနှင့်လျက်ပစ်ရပါသည်။ ပြီးတော့ နှုတ်ခမ်းဆိုးဆေးဆိုးရပါ၏။ အောက်နှုတ်ခမ်းဆိုး၍ တစ်ဝက်သာရှိသေးခိုက်

"ဟော့... ခင်... ဘယ်မှာလဲကွ... အောက်ထပ်ကိုဘဲ မဆင်းတော့

mgyoe.com

ဘူးလား… အောင်မယ်လေးဟဲ့ မိန်းမ လင်အလုပ်ပြန်လာတာတောင် ဆီးကြိုဖော်မရဘူး”

ဟူသောအော်သံကို အောက်ထပ်မှကြားရပါသည်။ ကျွန်မလည်း နှုတ်ခမ်းဆက်၍ဆိုးဖို့မေ့သွားပြီး ထဘီရင်လျားပေါ်က မျက်နှာသုတ် ပဝါထပ်ခြုံပြီး အောက်ထပ်သို့ ပြေးဆင်းခဲ့ပါသည်။ မျက်နှာက သနပ်ခါးကိုလည်း သွားပွတ်တံနှင့်ညီအောင် မညှိရသေးပါ။ ဘဲကျား ပင် ရှိပါသေး၏။

ကိုကိုသည် ကျွန်မဖြစ်လာပုံကို အံ့အားကြီးသင့်ကာ ကြည့်နေပါ သည်။ ပါးစပ်ကလည်း “ထမင်းဆာ…”ဟုတစ်လုံးသာဆိုပြီး အသံ တိမ်ဝင်သွားပါတော့သည်။

ကျွန်မလည်း ကိုကို့အား လဲဖယ်စရာ အဝတ်များယူပေးပြီးနောက် ကူဖော်ကလေးအား ထမင်းနူးခိုင်းပြီး အပေါ်ထပ်သို့တက်ကာ အစွမ်း ကုန်ဝတ်စားပြင်ဆင်ရပါ၏။ ကျွန်မက ဥသျှစ်သီးထက်ပို၍ လှကြောင်း ကို ကိုကိုမြင်ရလျှင် ကျွန်မကိုပစ်သွားပြီး ဟိုဥသျှစ်သီးကို မက်မည် မဟုတ်ပါ၊ ကြီးကြီးဖေ၏ အကြံပေးချက်က ဤကဲ့သို့ တစ်ထစ်ချ မိန့်ဆိုထားပါသည်။

ထမင်းစားခန်းသို့ ကျွန်မပြန်ဆင်းသွားသောအခါ ထမင်းစား၍ တစ်ပိုင်းကျနေပြီဖြစ်သောကိုကိုသည် ပါးစပ်သို့ ခွံ့အံ့ဆဲဆဲထမင်းလုတ် ကို ခံလင့်သဖြင့် ပွင့်ဟနေသောပါးစပ်သည်လည်း ထမင်းလုတ်ရောက် မလာသည့်တိုင် ပြန်မပိတ်ဘဲ အံ့သြခြင်းဖြင့်သာ ပွင့်ဟ၍ပွင့်ဟနေပါ တော့သည်။

“အလို…ခင်က သိပ်ပြီးလှတာပဲကွယ်”

ဤကဲ့သို့ ကျွန်မအား လင်ကိုကိုက ချီးကျူးသံကိုကြားရလိမ့်မည် ဟု ကျွန်မတစ်ထစ်ချ ယုံကြည်မိခဲ့ပါ၏။ ယခုမူ လင်တော်မောင်က

mgyoe.com

mgyoe.com


ပါးစပ်အဟောင်းသားနှင့်သာကြည့်ပြီး မျက်လုံးပြူးနေပါသည်။ သူ့ပါးစပ်က ခဏကြာမှ စကားထွက်လာပါသည်...။

"ဟင့်...ဘယ်နှယ်လဲ...ခင့်ဟာက ရုပ်ရှင်သွားမယ်ဆိုရင်လည်း စောစောကပြောဖို့ကောင်းတယ်... ကိုကို ဒီနေ့အလုပ်တွေများလွန်းလို့ ခေါင်းခဲလာတယ်ကွယ်... ဒီနေ့တော့ မြို့ထဲပြန်ပြီးမထွက်ပါရစေနဲ့... ခင်က လိမ္မာပါတယ်ကွယ်... မနက်ဖြန်မှမြို့ထဲထွက်ကြတာပေါ့၊ ဒီနေ့တော့ချမ်းသာပေးပါကွယ်"

ကိုကိုသည် ခင့်ကို တောင်းတောင်းပန်ပန်ပြောနေရှာပါ၏။ ကျွန်မလည်း ခြေမျက်စိအတွင်းသားချင်းတိုက်၍ ခါးကိုနွဲ့ကာလမ်းလျှောက်ရင်း ထမင်းဝိုင်းသို့ ဝင်ခဲ့ပါသည်။ ပါးစပ်ကလည်း ပြူးပြူးကလေးလုပ်ထားပါသည်။ ခါတိုင်းထက်ရင်ကိုလည်း ခပ်ကော့ကော့ထားပါသည်။ ပြီးမှ ကိုကို့ထမင်းပန်းကန်ထဲသို့ ထမင်းထပ်ဖြည့်ပေးရင်း..."ခင်ဘယ်မှသွားမလို့မဟုတ်ပါဘူးကိုကိုရဲ့ ဒီနေ့ညနေလေ... ကိုကိုနဲ့ခင်နဲ့နှစ်ယောက်တည်း ဧည့်ခန်းမှာ စန္ဒရားတီးမယ်... ပြီးတော့... ပန်းခြံထဲမှာ လမ်းထွက်လျှောက်ကြမယ်.... ပြီးတော့ကာ ကိုကို့ကိုအိုက်စကရင်လုပ်ပြီးကျွေးမယ်... နွားနို့လည်းအိပ်ရာဝင်ခါနီးသောက်နော်... ဒါမှ ကိုကိုရုံးက မောလာတာတွေပြေမှာ...ခေါင်းသိပ်အုံရင် ခင်နှိပ်ပေးမယ်လေနော်... နော်"ဟု နွဲ့နွဲ့မူမူနှုတ်ခမ်းကလေးစူ ပါးကလေးပူ၍ဆိုလိုက်ပါ၏။ ထိုအခါ၌ ကိုကိုမှာ တစ်စုံတစ်ခုကိုတွေး၍လန့်သလို မျက်လုံးပြူးသွားပါ၏။ ပြီးလျှင် ချက်ချင်းပင် ထမင်းတစ်ပိုင်းတစ်စနှင့် လက်ဆေးတော့ပြီ၊ "ခင် အခုလင်းရိုဗာကိုမကြိုက်မှန်းကိုကိုသိတယ်၊ ဒါပေမဲ့ သုံးလေးလဆိုင်းပါဦးခင်ရယ်... ပြီးတော့မှ ခင်ကြိုက်တဲ့ ဟီးလမင်းကို ဝယ်တာပေါ့..." ဟု အလန့်တကြားဆိုရှာပါ၏။

ကျွန်မလည်း ဆေးနက်သား၍ထားသော မျက်ခုံးတစ်ဖက်ကို

mgyoe.com

mgyoe.com


ချိပင့်၍ ဆေးနက်သပ်ထားသော မျက်တောင်ကော့များကို သုံးလေး ချက်ဝင့်၍ခတ်လိုက်ပြီးလျှင် "အို... ကိုကိုကလည်းကွယ်လေ့... အဟင့် ...အဟင့် ခင်က ဘာများပြောရသေးလို့လဲ...ဟဲဟဲ ဒီကဖြင့် ပြောရ သေးဘဲနဲ့ တူက–တူကဖြင့်"ဟု မပီကလာပီကလာနှင့် ညုလိုက်ပါ သည်။ ညုရင်းလည်း ဆက်ရက်နှင့်ချိုးကို ခွဲခြား၍သိရာ၌ အရေးပါ အရာရောက်သော ချိုးခြေသည်းနီနီတွေနှင့် တူလှသည့် ကျွန်မ၏လက် ချောင်းထိပ်နီများကို ကိုကို့ပခုံးပေါ်သို့တင်ကာ ယုယပွတ်သပ် ကြောင် ကလေးလို လုပ်လိုက်ပါ၏။ ဤတွင် ကိုယ်တော်ချောသည် အရိုးစု ကမ္ဘာဋ္ဌာန်းကောင်က သူ့ပခုံးပေါ်လက်လာ၍တင်သလို တွန့်သွားပါ သည်။ ပြီးလျှင် မျက်လုံးကလယ်ကလယ်နှင့် မျက်စိသူငယ် ဖြစ်နေ ပါသည်။ သူ့စိတ်ထဲ၌ ကျွန်မတို့အိမ်က အနေကဇာမတင်ရသေးသော ဥတ္တရသာခါဘုရားကလေးကို ပူဇော်ဖို့ ပေခြောက်ဆယ်မြင့်သည့် ဖယောင်းတိုင်ကို အဝယ်ခိုင်းလေမလားဟု ထင်ကာ ကြောက်သွားလေ သလားမသိပါ။

ကိုကိုသည် ထမင်းစားပြီးသောအခါ ကျွန်မအနီးသို့ မကပ်ရဲ အောင်ဖြစ်နေပါ၏။ သို့ဖြစ်သဖြင့် ကျွန်မမှာဥသျှစ်သီးသည်လုပ်ငန်းကို လက်လျှော့လိုက်ရပြီး ကျွန်မဝတ်နေကျ သုံးကျပ်တန်ဘော်လီ ဂျပန်နိုင် လွန်လက်ပြတ်(ရေစီးကြောင်းနှစ်ကြောင်း)နှင့် နှစ်ကျပ်ပြားခြောက်ဆယ် တန် လုံချည်တို့ကိုလဲလှယ်ရပါတော့သည်။ ခေါင်းက အမောက်ကြီးကို လည်း ဖျက်ခဲ့ရပါ၏။

ဧည့်ခန်းတွင်ထိုင်နေသော ကိုကိုသည် ကျွန်မ ခါတိုင်းရုပ်မျိုး ပြန်ဖြစ်သွားမှပင် မျက်နှာကြည်၍လာပါသည်။ အံ့သြထိတ်လန့်သော အမူအရာများ ပျောက်ကွယ်သွားပါ၏။ ဤတွင်ကျွန်မ၏ စိတ်၌"အင်း ...တော်ပါသေးရဲ့...တော်ပါသေးရဲ့ ငါ့လင်ဟာ တော်ရုံတန်ရုံဥသျှစ်

mgyoe.com

mgyoe.com


သီးကို ဖျော်ရည်သောက်မယ့်လူမဟုတ်ပေဘူး၊ ဥသျှစ်သီး အာမခံကိုယ်တော်ကြီးပဲ ရှုံးကဟာမကလေး ဘယ်လိုပဲ ဥသျှစ်သီးရောင်းပေမဲ့ လွယ်လွယ်နဲ့ဝယ်မယ့်လူမဟုတ်ဘူးဟု" တွေးကျေနပ်နေမိပါသည်။

ဧည့်ခန်းသို့ပြန်ရောက်ခဲ့ပြီးနောက် ကိုကို့အားဆေးလိပ်ညှိပေးပြီး ရေဒီယိုကိုဖွင့်ကာ ကြောင်အမြီးတံခါးကြား၌ညပ်သော အသံများကို နားထောင်ရင်း ကျွန်မသည် မှျော်လင့်ချက်ကင်းမဲ့သော နှစ်ချောင်းထိုးသိုးမွေးဦးထုပ်ကလေးတစ်လုံးကို ထိုးနေလိုက်ပါ၏။ မျက်စိများကမူ ကိုကို့အား စေ့စေ့စပ်စပ်ကြည့်ကာ "အင်း...ဒီရဟန္တာဟာ ဘယ်လိုအခြေအနေမျိုးနဲ့ရင်ဆိုင်ရမှ ဈာန်လျှောမှာပါလိမ့်...ဟို မိဖုရားကြီးလို သရီးဒီရုပ်ရှင်ပြမှများ လျှောလေမလား" စသဖြင့် ကျွန်မတွေးနေမိပါ၏ရှင့်။

ထိုခဏတွင် ကိုကိုသည် အစိုးရပြန်တမ်းတွင်ပါသော ဟိုလူကို ဟိုပို့၊ ဟိုကလူကို ဒီခေါ်၊ ဒီကလူကိုဟိုနားရွှေ့ စသည့်စာရင်းများကို ကြွေးရှင်တစ်ယောက်ကြည့်နေသလို ကြည့်ရာက စာရွက်ထိပ်မှကျော်ကာ ကျွန်မအားကြည့်လိုက်သဖြင့် မျက်လုံးချင်းဖယ်မရအောင် ဆုံ၍သွားကြပါသည်။

ကိုကိုသည် အစိုးရပြန်တမ်းကိုချလိုက်ပြီး..."ဒီနေ့ခင်တစ်ယောက် တယ်ပြီးတော့ အမူအရာထူးခြားပါကလား...ပြောစရာရှိရင် မြဲမြထားတမ်းလို့ ကိုကိုတို့လက်ထပ်စက ကတိရှိခဲ့တယ်မဟုတ်လား ခင်...ပြောလေ... မြဲမြထားပါနဲ့၊ ခင့်ဗိုက်ထဲမှာ တစ်ခုခုရှိနေပြီ" ဟု တဲ့တိုးမေးလိုက်ပါ၏။ သူက တဲ့တိုးမေးလာမှဖြင့် ကျွန်မလည်း တဲ့တိုးပင်ဖြေရပေမည်။

"တခြားတော့မဟုတ်ဘူး ဆရာကြီးရေ... ဆရာကြီးရဲ့ လက်နှိပ်စက်စာရေးမက ချောလွန်းလို့၊ ပြီးတော့ (ပါ)တွေ၊ (နော်)တွေ များအားကြီးလို့ လင်းတလောက်တော့ ငှက်တိုင်းလှသေးတယ်ဆိုတာကို ခင်က

mgyoe.com

mgyoe.com


ပြတာ... ကိုင်း သိပြီလား...."

ဤသို့ပြောချလိုက်သောအခါ၌ ကိုကိုသည် လက်ဦးပြုံးလာပါသည်။ ထို့နောက် "အဟင်း အဟင်း"ဟု ခပ်အေးအေးရယ်ပါသည်။ ပြီးမှ ပွန့်ခနဲ ရယ်သံတစ်လုံးလွတ်ကျပြီးခါမှ သူ့ပေါင်ကိုသူဖျတ်ခနဲ ပုတ်ကာ ဟိုး...ဟိုး...ဟီး..ဟီး...ဟားဟားဟား စသဖြင့် အားရပါးရ ရယ်ပါတော့သည်။

ကျွန်မ ကျောင်း၍ကြည့်နေစဉ်တွင်ပင် ကိုကိုသည် ရယ်သံဗလုံး ဗထွေးနှင့်... "ဖြစ်မှဖြစ်ရလေခင်ရယ်...ဟီးဟီး ဟားဟား... ဖြစ်ပဲဖြစ်ရ ပလေ... ဒီဟာမလေးနဲ့ပဲ အလုပြိုင်ရတယ်ပဲလို့ ... အဟီး ဟီး ဟီး ဟု လုပ်နေပါသည်။ ကျွန်မလည်း စိတ်ပေါက်ရှိသည်နှင့် ဆိုဖာမှီအုံး တစ်လုံးကိုယူကာ ကိုကို့အားပေါက်လိုက်ပါသည်။

ကိုကိုသည် မှီအုံးကို ခေါင်းတိမ်း၍ရှောင်ရင်း အရယ်မရပ်သေးဘဲ "ဟီး...ဟီး ဖြစ်မှဖြစ်ရလေ ခင်ရာ အဲဒီကောင်မလေးက ကိုယ်နဲ့တွဲဖက် (ဒုညွှန်)အဘိုးကြီး ဘုန်းကြီးလူထွက်ဦးဖိုးတင့်ဆိုတဲ့ ရှေ့ပန်ကာကြီးရဲ့ လက်နှိပ်စက်စာရေးမအသစ်ကလေးကွဲ့... မနေ့က ရှေ့ပန်ကာရဲ့ဇနီး အိမ်သူဒကာမကြီးက ရုံးကိုလာမယ်ဆိုလို့... အဘိုးကြီးက သူ့လက်နှိပ် စက် စာရေးမကလေးကို ကိုကို့ဌာနစိတ်ကို ခဏပို့ထားတာ၊ ကိုကို့ စာရေးတွေ မအားတာနဲ့ ကိုကိုခဏခေါ်ပြီးခိုင်းရတယ်... အဟဲဟဲ... ကောင်မလေးက ကြွကြွရွရွကလေးဆိုတော့ ကိုယ်တို့ ရှေ့ပန်ကာကြီးမှာ သူစီးနေကျ လည်ပင်းရှည်ဘွတ်ရှူးကြီးကို ချွတ်ပစ်ရတော့မလိုလို ဆေးပြင်းလိပ်ကိုပဲ မီးညှိရတော့မလိုလိုဖြစ်နေတာ... အဟီး... ဒါနဲ့... ရှေ့ပန်ကာက သူ့ဟာမကြီး ဒီဟာမလေးကိုတွေ့ရင် အိမ်အပြန်မှာ ကတုံးပြောင်ပြောင်ကို အခေါက်ခံရမှာဆိုးလို့ ကိုကို့ရုံးဘက် မနေ့ညနေ က ခဏပို့ထားတာကွဲ့... ဖြစ်ချင်တော့ မနေ့ညနေက ချိန်းထားရက်

mgyoe.com

mgyoe.com


သားနဲ့ သူ့ ဒကာမကြီးက ပေါ်မလာဘူး… ဒီနေ့မနက် ရွှေပန်ကာကြီးက ဒီကောင်မလေးကိုခေါ်ပြီး စာတစ်စောင် နှုတ်ကရွတ်ပေးနေတုန်းမှာမှ ဒါယိကာမကြီး ဖြုန်းဆိုရုံးကိုရောက်လာပါရော… ရွှေပန်ကာရဲ့ ရုံးခန်းမှာ ဘာဖြစ်တယ်တော့မသိဘူး၊ ကောင်မလေးဟာ အခန်းထဲက ငိုထွက်လာပြီး အလုပ်တစ်ခါတည်း ထွက်သွားတယ်။ ရုံးအုပ်စာရေးကြီးကပြောတော့ ဒါယိကာမကြီး ဝင်အသွားမှာ ဘာကိုတွေ့တယ်ဆိုလား… ဟားဟား… ဖြစ်မှဖြစ်ရပလေ ခင်ရယ်…”ဟုပြောပြပါသည်။

ကျွန်မရင်ထဲမှာက အလုံးကြီးကျ၍သွားသည်နှင့်အမျှ တစ်ကိုယ်လုံးလည်း ခွေနုံး၍သွားရပါ၏ရှင့်။ ကိုကို့ကိုပင် ပြေး၍ ဖက်လိုက်မိပါသည်။

ထိုညက ခြင်ထောင်ထဲရောက်ပြီးမှ ဘုရားရှိခိုးရန် မေ့နေသဖြင့် ကမန်းကတန်း ဘုရားခန်းသို့သွား၍ ရှိခိုးရာတွင် မေတ္တာပို့ဆုံးခါနီး၌ ကိုကိုနှင့်အလုပ်လုပ်ဖက်ဖြစ်သော ဒုညွှန်တစ်ဦးဖြစ်သူ ဦးဖိုးတင့်ကြီး၏ ဇနီးဒါယိကာမကြီး အသက်ရာကျော် ရှည်ပါစေသားဟု ဆုအထပ်ထပ်တောင်းမိပါသည်ရှင့်။

သွေးသောက်မဂ္ဂဇင်း၊ အောက်တိုဘာ၊ ၁၉၅၄

❑

mgyoe.com

mgyoe.com



mgyoe.com

mgyoe.com


## တူမလေးသုံးယောက်

ကျွန်မအင်္ဂလန်သို့မသွားခင်တုန်းက တူမလေးသုံးယောက်တို့မှာ အပျို၊ အပျိုဖြန်း၊ ဂါဝန်ဝတ်ကလေးများသာ ဖြစ်ခဲ့ကြသည်။ အကြီးဆုံးစုစုမှာ ၁၆–နှစ်၊ အလတ် တုတုမှာ ၁၄–နှစ်၊ အငယ်ဆုံး ပုပုမှာ ၁၀–နှစ်သမီးသာ ရှိကြသေးသည်။ တူမကလေးသုံးယောက်စလုံးပင် ကျွန်မ ဘိလပ်သို့သွားရန် လေယာဉ်ပျံကွင်းသို့ ဆင်းရသည့်နေ့က လေဆိပ်သို့ သူတို့မိဘ(ကျွန်မ၏ အစ်ကိုနှင့်ယောက်မ)များနှင့်အတူ လိုက်ပို့ကြသည်။ နံနက်ခင်းကအေးသဖြင့် စုစုသည် နှင်းကာကလေးနှင့်လုံ၍နေသည်။ တုတုမှာကား ဘလေဇာအင်္ကျီကိုဝတ်ထား၏။ ပုပုကမူ ဂါဝန်ပေါ်မှ ဆွယ်တာလက်ရှည်ကို ထပ်၍စွပ်ထားလေသည်။ သူတို့မျက်နှာကလေးတွေပေါ်တွင် ညို့ရောင်သန်း၍နေကြ၏။ အချစ်ဆုံး အန်တီ နိုင်ငံခြားသွားမည့်အရေး၌ လေးနှစ်တာမျှ ခွဲခွာကြရမည်ဖြစ်သောကြောင့် အားလုံးပင် ဝမ်းနည်း ပန်းနည်းဖြစ်၍နေကြပေသည်။ ကျွန်မမှာလည်း ကလေးများကိုခွဲရမည်ဖြစ်၍ ရင်ထဲ၌ဆို့နင့်၍

mgyoe.com

mgyoe.com


နေသည်။ သို့သော် ကိုယ်က ဣန္ဒြေပျက်လျှင် ကလေးများ၏စိတ်၌ ပိုမိုထိခိုက်မည်စိုးသောကြောင့် လေဆိပ်သို့အသွား ကားပေါ်တွင် လမ်းတစ်လျှောက်လုံး ရယ်စရာကလေးတွေကို ကြံဖန်ပြောလာရ၏။ လေဆိပ်သို့ရောက်၍ ကိစ္စအဝဝပြီးစီးသောအခါ လေဆိပ်ရုံးမှ လေယာဉ်ပျံသို့ အရောက်ပို့ပေးမည့် ကားပေါ်သို့ တက်ခါနီးတွင် တူမလေးသုံးယောက်တို့သည် ကျွန်မအား ပါးကိုနမ်း၍ နှုတ်ဆက်ကြသည်။ အကြီးဆုံး စုစုသည် ကျွန်မကို တင်းကျပ်စွာဖက်၍ နမ်းသည်။ ပြီးလျှင် သူ့အန်တီကို အားရပါးရစိုက်ကြည့်သည်။ အကြာကြီးခွဲရမှာမို့ မှတ်မိအောင်ကြည့်ထားပုံရသည်။ အငယ်ဆုံးမပုပုကတော့ ဟန်မဆောင်နိုင်တော့ဘဲ ချုံးပွဲချ၍ငိုလေသည်။ ဣန္ဒြေအကောင်းဆုံးမှာ အလတ်မတုတုဖြစ်သည်။ ကျွန်မပါးကို နမ်းပြီးနောက် အံတစ်ချက်ခဲလိုက်သည်။ ပြီးလျှင် ကြည်လင်စွာပြုံး၍ "စာမှန်မှန်ရေးနော် အန်တီ...၊ တုတုကလည်း ရေးမယ်" ဟုပြောနေ၏။

ဘတ်စ်ကားထွက်သွားသောအခါ ကျွန်မက လက်ပြနှုတ်ဆက်သည်။ စုစုသည် ကြောင်ငေးနေ၏။ ပုပုမှာကား မျက်ရည်တွေကို သုတ်ရတုန်းပင်၊ တုတုတစ်ယောက်သာ လက်ကိုင်ပဝါကိုဝှေ့ယမ်းပြပြီး ပြန်၍နှုတ်ဆက်နိုင်လေသည်။

အင်္ဂလန်တွင် ပညာသင်ကြားရင်း လေးနှစ်ကြာခဲ့သည်။ တူမကလေးသုံးယောက်နှင့် စာအဆက်မပြတ်ခဲ့။ သူတို့ဓာတ်ပုံကလေးတွေလည်း နှစ်လတစ်ကြိမ်လောက်ရောက်ခဲ့သည်။ ကလေးတွေသည် လေးနှစ်ကြာသောအခါ တော်တော်ကြီးထွားလာကြကြောင်း ဓာတ်ပုံများ၌ တွေ့ရပေသည်။ အင်္ဂလန်မှအပြန် လေယာဉ်ပျံပေါ်၌ သူတို့ဆီက နောက်ဆုံးရထားသော ဓာတ်ပုံကိုကြည့်ကာ လေယာဉ်ပျံကွင်း၌ လာ၍ကြိုကြမည်ဖြစ်သော တူမကလေးသုံးယောက်တို့၏ ရုပ်ရည်သဏ္ဌာန်

mgyoe.com

mgyoe.com


ကို မှန်းဆကြည့်မိသည်။ ဓာတ်ပုံထဲကအတိုင်းပဲ တွေ့ရလေမလား။

လေယာဉ်ပျံမှဆင်း၍ လေဆိပ်ရုံးသို့ရောက်သည်နှင့်တူမကလေး သုံးယောက်တို့နှင့် သူတို့မိဘများ လာ၍ကြိုဆိုနေကြသည်ကို မျှော်လင့်သည့်အတိုင်းပင် တွေ့ရသည်။ စုစုမှာ အပျိုကြီးဖားဖားဖြစ်နေပြီ၊ ဝဝ တုတ်တုတ်ဖြူဖြူဖွေးဖွေး ရေဆေးငါးကြီးနှင့်တူ၏။ ယောကျ်ားတိုင်း မက်မောလောက်သည့် ရုပ်ရည်ပါပေ။ အငယ်ဆုံးပုပုမှာလည်း အပျို ဖြန်းကလေးဖြစ်နေပြီ။ ရှက်သွေးဝင်စအရွယ် အသားဝါကလေးနှင့် ပုံ့ပုံ့ကလေး ချစ်စရာတစ်မျိုးကောင်းနေ၏။ အလတ်မကလေးတုတုမှာ ကား ဘယ်သူနှင့်မှမတူ၊ ကိုယ်လုံးကိုယ်ပေါက် တောင့်တင်းကျစ်ကျစ် လျစ်လျစ်ရှိသည်။ သူ့တစ်ကိုယ်လုံးမှာ အဆီအသားမရှိဘဲ ကြွက်သား တွေချည်းရှိသလို ထင်ရသည်။ ဗီးနပ်(စ်)ကျောက်ရုပ်လို အရပ်ရှည် ရှည်နှင့် ကိုယ်ကာယ အချိုးအစားကျနသူဖြစ်သည်။ နွေရာသီဖြစ်၍ ဘလောက်(စ်)အင်္ကျီကို ဘရာဇီယာနှင့်ဝတ်ထားသည်မှာ ရင်အနေ အထားသည် အနောက်နိုင်ငံသူကလေးများနှင့် မခြားဖြစ်သည်။ ထဘီ ပျော့ပျော့ကို ဝတ်ထားသည်မှာ အနည်းငယ်ခပ်တောင်းတောင်းမို့ ခြေဖမိုး အလှနှင့် ကြိုးသိုင်းဖိနပ်တို့ ပန်းရနေသည်ကိုမြင်ရပြန်သည်။

စုစုသည် ဣန္ဒြေသိမ်မွေ့စွာနှင့် ပဒုမ္မာကြာပွင့်သလိုပြုံးကာ "အန်တီ" ဟု တစ်လုံးတည်းနှုတ်ဆက်ဆီးကြို၏။ သူ့ပခုံးကိုဖက်လိုက်ရာ ထွေး ထွေးအိအိရှိလှသည်။ ဝွမ်းပုံ၏အတွေ့အထိနှင့်တူ၏။ အငယ်ဆုံးမပုပု ကတော့ ကျွန်မကို ပြေးဖက်သည်။ ကျွန်မ၏ခါးကိုဖက်၍ မျက်နှာကို မော်ကြည့်နေပုံမှာ ချစ်စရာ သနားစရာကလေးဖြစ်သည်။ အလတ်မ ကတော့ ငှက်ကြီးတောင် ဓားလွယ်တစ်စင်းကိုထောင်ထားသလို ခပ် တောင့်တောင့်ရပ်နေရာက "တခြားတူမတွေနှုတ်ဆက်ပြီးမှ ခြေလှမ်းကျဲ ကျဲလှမ်း၍ အနီးသို့ကပ်လာကာ "အန်တီပိုပြီး ဝ,လာတယ်"ဟုဆိုကာ

mgyoe.com

ကျွန်မ၏ လက်နှစ်ဖက်ကို ဆွဲကိုင်ဆုပ်နယ်သည်။ ပြီးလျှင် သူကပင် “ကဲ…သွားကြစို့၊ အန်တီ ခရီးပန်းလာတယ်”ဟု လောဆော်သည်။

ဪ… သည်တူမကလေးသုံးယောက်ကို ချစ်လိုက်ရသည်မှာ အမောတကောပင်ဖြစ်တော့သည်။ ကိုယ့်ကိုယ်တိုင်မှာ အိမ်ထောင်မပြုချင်ဘဲ ပညာဆည်းပူးပြီး ကျောင်းအုပ်ဆရာမကြီးလုပ်နေသူဖြစ်၍ ချစ်စရာ ယုယစရာ ကိုယ်ပိုင်ရင်သွေးမရှိတိုင်း သည်တူမတွေကို မဲ၍ ချစ်နေရခြင်းဖြစ်လေသည်။ အင်္ဂလန်တွင် လေးနှစ်ပညာယူခဲ့ပြီး ပြန်အလာတွင်မှ သည်တူမတွေကို ပို၍စေ့စေ့စပ်စပ် အကဲခတ်မိသည်။ ပို၍ ချစ်လာရသည်။ သူတို့၏ နောင်ရေးကလေးတွေကိုပါ စဉ်းစားမိစပြု၍ လာရသည်။

အဘယ်ကြောင့်ဆိုသော် အစ်ကိုကြီးသည် ဘိလပ်ကို ကျွန်မမသွားခင်တုန်းကထက် ယခုနည်းနည်းပို၍ မျက်နှာချောင်သွားသည်။ အသက် ၄၀ ကျော်လာခဲ့လို့ဖြစ်ပေမှာပဲ။ မမ(ကျွန်မယောက်မ)ကတော့ ခါတိုင်းလို ခပ်တန်တန်ပင် ဖြစ်သည်။ သိပ်လည်း အရွယ်မကျ၊ သားသမီးနောက်ထပ်မရ၍ အရွယ်တင်ပုံရသည်။ ခပ်ရိုးရိုးခပ်အေးအေးပင်။ ကျွန်မကသီးခြားအိမ်နှင့်မနေ သူတို့နှင့်ပင်အတူနေထိုင်ရာ ကျွန်မတို့မိသားစုသည် အလွန်တရာချမ်းမြေ့သောမိသားစုဖြစ်ကြောင်း ကောင်းစွာသတိထားမိရပေသည်။

အစ်ကိုကြီးသည် လူရိုးလူကောင်း လူသူတော်ကောင်းကြီး တစ်ယောက်ဖြစ်သည်။ အလုပ်မှာ လခ ၆၀၀ိ/ ရသော အစိုးရ ရုံးထိုင်အလုပ်ဖြစ်သည်။ အစ်ကိုကြီး၏ အလေ့အထတို့မှာ ရိုးတာလှသည်။ နံနက် ၆ နာရီ အိပ်ရာကထ၊ ကော်ဖီသောက်၊ သတင်းစာဖတ်၊ ၈ နာရီခွဲရေချိုး၊ ၉ နာရီခွဲထမင်းစား၊ ၁၀ နာရီရုံးသွား၊ ညနေ ၅ နာရီရုံးကပြန်၊ ရေချိုး ၅ နာရီခွဲထမင်းစား၊ ၆ နာရီတွင် ကလပ်သို့သွား၍ ဘိလိယက်ကစား၊

mgyoe.com

mgyoe.com


၈ နာရီအိမ်ရောက်၊ ၁၀ နာရီအထိ အိမ်သားများနှင့်စကားပြော၊ ၁၀ နာရီခွဲအထိ ဘုရားဝတ်တက်ပြီး အိပ်ရာဝင်သည်။ တနင်္ဂနွေနေ့နံနက်တိုင်း ဘုရားကြီးကိုသွားကာ ရင်ပြင်တော်၌ရေညှိတိုက်သည်။ နေ့လယ်ပိုင်း၌ မိသားစုတစ်စုလုံး အင်းလျားသို့ ပျော်ပွဲစားသွားသည့်အခါသွားသည်။ မိတ်ဆွေများအိမ်သို့သွား၍ လည်ပတ်သောအခါ လည်ပတ်လေ့ရှိသည်။ စနေနေ့ကား မမ၏နေ့ဖြစ်သည်။ ညနေပိုင်းတွင် ရုပ်ရှင်၊ ပြဇာတ်၊ ပြပွဲတစ်ခုခုကို ခေါ်သွားတတ်သည်။ တစ်ခါတစ်ခါ၌ ညဈေးတန်းကို လျှောက်၍ ဈေးကလေးဘာကလေး ဝယ်ခြမ်းတတ်ကြသည်။ အစ်ကိုကြီး၏ဘဝမှာ တစ်နည်းအားဖြင့် တော်တော်စင်းသော ဘဝပင်ဖြစ်ပေသည်။ မိတ်ဆွေရင်းလည်း အနည်းငယ်သာထား၏။ အသိများကား ပေါလှပေသည်။

မမ၏ ဘဝသည်လည်း ခပ်စင်းစင်းရိုးရိုး မြန်မာအမျိုးသမီးတစ်ဦး၏ သာမန်ဘဝမျိုးပင်ဖြစ်သည်။ လင်ယောကျ်ားကို ဘုရားတစ်ဆူ ဂူတစ်လုံးပြုစုသည်။ မိသားစုကြီးကို အေးချမ်းသောစိတ်ဓာတ်ဖြင့် ထိန်းသိမ်းယုယသည်။ ဘုရားတရား ကြည်ညိုသည်။ ခြိုးခြံတတ်သည်။ စကားမာမာမျှမပြောတတ်၊ လောကဓံကို ကြံ့ကြံ့ခံနိုင်ရည်ရှိသည်။ မမ၏ထူးခြားချက်တစ်ခုမှာကား ကိုယ်တိုင်လိပ်သောပြောင်းဖူးဖက်ဆေးလိပ်ကို သောက်ရမှ တင်းတိမ်ခြင်းပင်ဖြစ်လေတော့သည်။

ဤမျှအေးချမ်းသော မိနှင့်ဖတို့အပြင် အပျိုကြီးကျောင်းဆရာမ အဒေါ်တို့၏ မျက်မှောက်၌ စုစုတို့သည် ကြီးပြင်းလာကြရ၏။ ဟိုပုပုကွေးလေးအရွယ်ကလေးတွေ ကတည်းက ကျွန်မလက်ပေါ်တွင် ထိန်းချီယုယလာခဲ့ရသည်ဖြစ်၍ ကျွန်မအား ချစ်ကြရှာပေသည်။ ကျွန်မမှာ အထက်တန်းများကိုကိုင်ရသော ဆရာမဖြစ်နေစဉ်က ကလေးများသည် အောက်တန်းများ၌သာ ရှိကြသေးသည်။ ကျွန်မကျောင်းအုပ်

mgyoe.com

ဆရာမကြီးဖြစ်သောနှစ်က စုစုပင် ၇ တန်းအောင်စရှိသေးသည်။ ကျောင်းမှာခွဲ၍နေကြရသော်လည်း အိမ်တွင်မူ စာပြပေးရခြင်းအားဖြင့် နီးစပ်ကြပြန်သည်။ ကျောင်းတက်ကျောင်းဆင်းတွင် အိမ်ကမော်တော်ကားနှင့် လေးယောက်သားတတွဲတွဲပင်။

လေးနှစ်မျှ ကွဲကွာ၍နေရခြင်းသည် မည်သို့သော စာအဆက်အသွယ်၊ ဓာတ်ပုံအဆက်အသွယ်တွေရှိစေကာမူ ကျွန်မနှင့်တူမကလေးသုံးယောက်တို့၏အကြားတွင် နားမလည်နိုင်မှုကလေးတွေကို တင်ကျန်ရစ်ခဲ့စေသည်။ ယင်းသည်ကား နေ့စဉ်နှင့်အမျှ တွေ့ကြုံရသောအိမ်တွင်းမှုကိစ္စ အသေးစိတ် ခရာစေ့တွင်းကျတို့ကို ကျွန်မနှင့်သူတို့အတူတကွ မခံစားကြရသောကြောင့် ဖြစ်ဟန်တူပါသည်။ ထို့ပြင် လေးနှစ်တာကာလ ကုန်လွန်လာခဲ့သောအခါတွင် တူမကလေးသုံးယောက်တို့သည် ကိုယ်ခန္ဓာသာမက စိတ်ဓာတ်ပါ တစ်မျိုးတစ်ဖုံ ကြီးထွားပြောင်းလဲ၍လာကြသောကြောင့်လည်း သူတို့အား ကျွန်မမှာ အသစ်တွေ့ရသူများကဲ့သို့ အသစ်ထပ်မံ၍ အကဲခတ်ရပြန်ခြင်းလည်း ဖြစ်ပါသည်။

မြန်မာနိုင်ငံသို့ပြန်ရောက်စ သုံးလေးငါးရက်မှာကား အင်္ဂလန်ကအကြောင်းတွေကို ပြန်ပြောပြရင်း သူတို့ကလေးများအဖို့ ဝယ်ယူလာသော လက်ဆောင်များကို ပေးဝေခြင်းအားဖြင့် အချိန်ကုန်ရပေသည်။ နေ့ပိုင်းတွင်လည်း ကျောင်းကိစ္စနှင့်သက်ဆိုင်ရာ အာဏာပိုင်များကိုသွား၍နှုတ်ဆက်ရသည်။ ကျွန်မပြန်ရောက်လာပြီဟု ကြားသိရသဖြင့် လာရောက်နှုတ်ဆက်ကြသော လက်အောက်ခံဆရာမများ၊ မိတ်ဆွေများကိုလည်း ဧည့်ခံနေရလေသေးသည်။ ထို့ကြောင့် တူမကလေးသုံးယောက်တို့အား များစွာအကဲခတ်နိုင်ခွင့်မရသေးပေ။ ထိုရက်များကုန်လွန်၍ ထိုကိစ္စများအဆုံးသတ်သွားမှသာလျှင် ကျွန်မနှင့်တူမကလေး

mgyoe.com

mgyoe.com

များ နီးစပ်နိုင်ခွင့်ပေါ်လာပါသည်။

တူမအကြီးဆုံး စုစု၏အကဲကိုခတ်ခွင့် ပေါ်၍လာသည်မှာကား ကျွန်မပြန်ရောက်ပြီးနောက် ခြောက်ရက်ခန့်အကြာတွင် ဖြစ်ပေသည်။ အစ်ကိုကြီးညစာစားပြီး၍ ကလပ်သို့ထွက်သွားသောအခါတွင် အိမ်ရှေ့၌ ဧည့်သည်ကားတစ်စီး ထိုးဆိုက်လာ၏။ ထိုကားပေါ်မှ ရည်မွန်သော အမျိုးသမီးကြီးတစ်ဦးနှင့် လုလင်ပျိုတစ်ဦးတို့ ဆင်းလာကြသည်။ ပုံပန်းအားဖြင့်သားအမိနှင့်တူ၏။ လုလင်ပျိုသည် ကားကိုသူကိုယ်တိုင် ပင် မောင်းနှင်၍ လာခဲ့ပေသည်။ မမသည် ထိုဧည့်သည်များကို မြင်သည်၌ ဧည့်ခန်းဝသို့ထွက်ကာ ဆီးကြိုယူခဲ့သည်။ ဧည့်ခန်းတွင် နေရာယူ၍ထိုင်မိကြသောအခါ၌ မမက "ဟောဒါက ကျွန်မညီမလေး...၊ ဘိလပ်မှာ ပညာသွားပြီး လေးနှစ်သင်ခဲ့တာ ပြန်ရောက်တာ ဘာမှ မကြာသေးဘူး။ ဒီမှာညီမလေး၊ ဟောဒီအစ်မကြီးက ကျိုင်းတုံဆင်ဒီကိတ်ရဲ့ တစ်ဦးတည်းပိုင်ရှင်ဒေါ်မိမိ ဆိုတာလေ....၊ သူက မောင်ဆွေတင့်တဲ့၊ ဒေါ်မိမိရဲ့ တစ်ဦးတည်းသောသားပေါ့...၊ အခု ဆေးကောလိပ်မှာ..." ဟု ပြောပြမိတ်ဆက်ပေးသည်။ နောက်ထပ်ဆင့်၍ "စုစုနဲ့ အတန်းတူတူပဲညီမရဲ့၊ ပညာသင်ဘက် မိတ်ဆွေတွေပေါ့..." ဟု လည်း ဆိုလေသေးသည်။

ဒေါ်မိမိမှာ အသက် ၅၀ ကျော်ပုံရသော်လည်း အဆင်နုနုအဝတ်အစားများဝတ်ထားသည်ကို အကဲခတ်ရခြင်းအားဖြင့် စိတ်ပျိုကိုယ်နုသောမျိုးရှိသူဟု နားလည်လိုက်သည်။ ပို၍ ကျွန်မစိတ်ဝင်စားသည်မှာကား မောင်ဆွေတင့်ပင်ဖြစ်သည်။ ကျွန်မချစ်သော တူမအကြီးစုစုနှင့် တစ်တန်းတည်းသား မိတ်ဆွေဟုသိရသဖြင့် အထူးစိတ်ဝင်စားမိသည်။ ကျွန်မ ဘိလပ်၌ရှိနေစဉ် စုစု ဆယ်တန်းအောင်ပြီးနောက် ကောလိပ်သို့ဆက်သွားပြီး ဘိုင်အိုယူသည်။ ကျွန်မပြန်ရောက်သော

mgyoe.com

အခါ၌ စုစုသည် ဆေးကောလိပ်သို့ရောက်နေပြီဖြစ်သည်။ အိုင်အက်စီ အပိုင်း(က)တက်နေစဉ်ကစ၍ စုစုနှင့် မောင်ဆွေတင့်တို့ မိတ်ဆွေဖြစ်ကြပြီး ၎င်းတို့ကမှတစ်ဆင့် မိဘချင်းမိတ်ဆွေဖြစ်ကြသည်ဟု ကျွန်မ နောက်တော့ သိရလေသည်။

မောင်ဆွေတင့်သည် ကာယဗလ လိုက်စားသော လူငယ်ဖြစ်ဟန်တူ၏။ ရင်မောက်ပခုံးကျယ်၍ လည်ပင်းတုတ်ခိုင်သည်၊ လက်ချောင်းများပြည့်ဝသည်၊ မျက်နှာမှာ ဣန္ဒြေရင့်ကျက်၍ ဥပမိရုပ်ကောင်းလှသည်။ ဆရာဝန်ဖြစ်မည့်အစား တရားသူကြီးပို၍ဖြစ်ထိုက်သော ရုပ်မျိုးပင်။ သူ့စကားပြောပုံဆိုပုံကြည့်ရသည်မှာ သိမ်မွေ့ခြင်းထက် သိုသိပ်ပုံက ပိုမိုများပြား၏။ သူ့မိခင်ဒေါ်မိမိက "စုတို့တစ်တွေကော" ဟု မေးလိုက်သောအခါ မောင်ဆွေတင့်က အိမ်တွင်းခန်းဘက်ကိုများ လှမ်းကြည့်လိုက်လေမလားဟု ကျွန်မ အကဲခတ်သည်။ သို့သော် မောင်ဆွေ တင့်က တည်တည်မှန်မှန်ပင်ထိုင်နေသည်။ သူ့မျက်လုံးများကို သူနိုင်နင်းစွာ ထိန်းသိမ်းနိုင်သူဟူ၍ နားလည်ရပြန်၏။

"စုတို့ ညီအစ်မတွေ သူတို့သူငယ်ချင်းတစ်ယောက်မွေးနေ့ပွဲကို သွားကြလေရဲ့...၊ သွားတာ တော်တော်ကြာပါပြီ၊ ပြန်လာကြခါနီးပါပြီထင်ပါရဲ့..."

မမက အဲဒီလိုဖြေလိုက်သောအခါ ဒေါ်မိမိက သူ့သားဘက်သို့ တစ်ချက်ကြည့်သည်။ သို့သော် မောင်ဆွေတင့်ကမူ နံရံတွင်ချိတ်ထားသော ပန်းချီကားတစ်ချပ်ဆီ၌သာ မျက်လုံးများစိုက်၍နေလေသည်။

တဖြည်းဖြည်း စကားပြောရင်းပြောရင်းက စုစုတို့ ညီအစ်မသုံးယောက်သည် မောင်ဆွေတင့်တို့အိမ်သို့ သွားရောက်လည်ပတ်ဖူးကြောင်းနှင့် မောင်ဆွေတင့်ကလည်း စုစုတို့အား ပြပွဲသို့ လိုက်ပို့ဖူးကြောင်း သိရသည်။ သူတို့ချင်း ဘယ်လောက်ခင်မင်သည်ကိုကား

mgyoe.com